MNHRC

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းချက်များအပေါ်
စိစစ်ဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

သတင်းထုတ်ပြန်ချက်အမှတ် (၁၀/ ၂၀၂၀)

၁။ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပါရီအခြေခံမူများတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများသည် လူ့အခွင့်အရေးချိုးဖောက်ခံရသည့် အခြေအနေများ၌ ဝင်ရောက်ကိုင်တွယ်ဆောင်ရွက်ရန် ဟု ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေတွင်လည်း လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက်သို့မဟုတ် စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးရန်၊ ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက် စစ်ဆေးရန် အခွင့်အာဏာကို ပေးအပ်ထားပါသည်။ အဆိုပါတာဝန်သည် ကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများအတွက် အဓိကကျသည့် လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ လက်ရှိကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကန့်သတ်ချက်များအရ အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ လူ့အခွင့်အရေးသင်ခန်းစာများ ပို့ချခြင်း ကဲ့သို့သော လုပ်ငန်းတာဝန်များကို ခေတ္တဆိုင်းငံ့ ထားရသော်လည်း လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်သည့်တိုင်တန်းချက်များကိုမူ လက်ခံရရှိလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် လက်ခံရရှိခဲ့သော တိုင်တန်းချက် ၂၅၄ မှု၊ ဖေဖော်ဝါရီလ လက်ကျန် တိုင်တန်းချက် ၃၇၁ မှု၊ စုစုပေါင်း တိုင်တန်းချက် ၆၂၅ မှုရှိခဲ့ပါသည်။ ယင်းတို့ အနက် ကွင်းဆင်းစစ်ဆေးမှု ၁ မှု အပါအဝင် ၇၃ မှုကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားပေးပို့ခဲ့ပါသည်။ ၂၀ မှု ကိုမူ အကြံပြုချက်များနှင့်အတူ တိုင်တန်းသူများထံသို့ အကြောင်းပြန်ကြားခဲ့ပါသည်။ ၁၉၃ မှု မှာ တရားရုံး တစ်ခုခု ရှေ့မှောက်တွင် စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံး တစ်ခုခု၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုသို့မဟုတ် အယူခံမှု ဝင်ရောက်ဆဲ အမှုများ၊ တရားရုံး တစ်ခုခုမှ အပြီးသတ် စီရင် ဆုံးဖြတ်ပြီးသော အမှုများ၊ ယခင်က အရေးယူဆောင်ရွက်ပြီး ဖြစ်သည့် အမှုဟောင်းများ၊ ကော်မရှင် ဥပဒေအရ စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော တိုင်တန်းချက်များ ဖြစ်သဖြင့် စနစ်တကျ မှတ်တမ်း အဖြစ် ထားရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် မတ်လ လက်ကျန် ၃၃၉ မှု ကျန်ရှိပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် လက်ခံရရှိခဲ့သော တိုင်တန်းချက် ၇၈ မှု၊ မတ်လ လက်ကျန် တိုင်တန်းချက် ၃၃၉ မှု၊ စုစုပေါင်း တိုင်တန်းချက် ၄၁၇ မှုရှိခဲ့ပါသည်။ ယင်းတို့ အနက် ၃၆၇ မှုကို အပြည့်အဝ စိစစ် စစ်ဆေး ဆောင်ရွက်နိုင်ခဲ့ပြီး **၁၀၆** မှုကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့ အစည်းများက လိုအပ်သလို စိစစ် ဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားပေးပို့ခဲ့ပါသည်။ ၁၉ မှု ကိုမူ အကြံပြုချက်များနှင့်အတူ တိုင်တန်းသူများထံသို့ အကြောင်းပြန်ကြားခဲ့ပါသည်။ ၂၄၂ မှု မှာ တရားရုံး တစ်ခုခု ရှေ့မှောက်တွင် စစ်ဆေးကြားနာဆဲအမှုများ၊ တရားရုံး တစ်ခုခု၏ ဆုံးဖြတ်ချက် အပေါ်

ပြင်ဆင်မှု သို့မဟုတ် အယူခံမှု ဝင်ရောက်ဆဲ အမှုများ၊ တရားရုံး တစ်ခုခုမှ အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ ယခင်က အရေးယူဆောင်ရွက်ပြီး ဖြစ်သည့် အမှုဟောင်းများ၊ ကော်မရှင် ဥပဒေအရ စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော တိုင်တန်းချက်များ ဖြစ်သဖြင့် စနစ်တကျ မှတ်တမ်း အဖြစ် ထားရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလ လက်ကျန် ၅၀ မှု ကျန်ရှိပါသည်။

၄။ မေလအတွင်းတွင် ကော်မရှင်အနေဖြင့် တိုင်တန်းချက် ၁၅၀ မှု လက်ခံရရှိခဲ့ပြီး ယခင် စိစစ်ရန် ကျန်ရှိနေသေးသည့် ၅၀ မှု၊ စုစုပေါင်း ၂၀၀ မှုကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့ အနက် ၅၃ မှု ကို သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက လိုအပ်သလို စိစစ် ဆောင်ရွက် ပေးနိုင်ရန် အကြောင်းကြားပေးပို့ခဲ့ပါသည်။ ၁၆ မှုကိုမူ အကြံပြုချက်များနှင့်အတူ တိုင်တန်း သူများထံသို့ အကြောင်းပြန်ကြားခဲ့ပါသည်။ ၁၃၁ မှုမှာ တရားရုံးတစ်ခုခု ရှေ့မှောက်တွင် စစ်ဆေး ကြားနာဆဲ အမှုများ၊ တရားရုံးတစ်ခုခု၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှု သို့မဟုတ် အယူခံမှု ဝင်ရောက်ဆဲ အမှုများ၊ တရားရုံးတစ်ခုခုမှ အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများ၊ ယခင်က အရေးယူဆောင်ရွက်ပြီး ဖြစ်သည့်အမှုဟောင်းများ၊ ကော်မရှင်ဥပဒေအရ စုံစမ်းစစ်ဆေးရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော တိုင်တန်းချက်များ ဖြစ်သဖြင့် စနစ်တကျ မှတ်တမ်း အဖြစ် ထားရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် မေလ လက်ကျန် မရှိပါ။

၅။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မေလအထိ ယခင် ကော်မရှင်က စိစစ် ဆောင်ရွက်ရန် ကျန်ရှိသော တိုင်တန်းချက် ၃၁၆ မှု အပါအဝင် စုစုပေါင်း တိုင်တန်းချက် ၁၁၇၇ မှုကို ကော်မရှင်က လက်ခံရရှိခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလအထိ တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ လက်ခံရရှိသည့် တိုင်တန်းချက်များကို စိစစ်စစ်ဆေးခဲ့ရာတွင် ရန်ကုန်တိုင်း ဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ တိုင်တန်းချက် အများဆုံး လက်ခံရရှိပြီး ကျန်တိုင်းနှင့် ပြည်နယ်များ မှ တိုင်တန်းချက် နည်းပါးသည်ကို တွေ့ရှိရပါသည်။ ကယားပြည်နယ်မှ တိုင်တန်းချက် လက်ခံ ရရှိခြင်းမရှိပါ။ ဤကော်မရှင်က လက်ခံရရှိခဲ့သည့် တိုင်တန်းချက်များ၏ အများစုမှာ မြေယာ ပြဿနာရပ်များ ဖြစ်ပြီး ဒုတိယ အများစုမှာ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဝန်ထမ်းများကို တိုင်တန်း သောပြဿနာရပ်များ ဖြစ်သည်ကို တွေ့ရှိရပါသည်။

၆။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက အရေးယူ ဆောင်ရွက်ရန် လိုအပ်သော အမှုများကို ကော်မရှင်၏ စုံစမ်းတွေ့ရှိချက်၊ အကြံပြုတိုက်တွန်းချက်နှင့်အတူ လွှဲပြောင်း ပေးပို့ခဲ့ပါသည်။ ထိုသို့ ပေးပို့ထားသော အမှုများအား ရက်ပေါင်း (၃၀) အတွင်း အရေးယူ ဆောင်ရွက်ထားရှိမှုကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပြန်ကြားရမည် ဖြစ်သော်လည်း အချို့သောဌာန၊ အဖွဲ့ အစည်းများမှာ ပူးပေါင်း ဆောင်ရွက်မှု အားနည်းနေသေးကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအတွင်း လူ့အခွင့်အရေး ဖောက်ဖျက်မှုများ လျော့နည်းသွားစေရန်နှင့် ပြည်သူလူထုအားလုံး၏ လူ့အခွင့်

အရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက်